# Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်

MNHRC

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

MYANMAR NATIONAL HUMAN RIGHTS COMMISSION

# Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်

**Introduction**

The Myanmar National Human Rights Commission translated the text of the Universal Declaration of Human Rights from English into Myanmar and published it on 17 April 2013, the Commission translated the text of the International Covenant on Civil and Political Rights from English into Myanmar and published it on 22 December 2016 and the Commission translated the text of the Convention on the Rights of the Child from English into Myanmar and published it on 30 September 2019 and also the Commission translated the text of the Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment from English into Myanmar and published it on 31 July 2020. The Commission has now translated the text of the Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict.

**Myanmar National Human Rights Commission**

**31 January 2022**

## စကားချီး

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင်လည်းကောင်း၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်လည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ဆန့်ကျင်ရေးသဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်လည်းကောင်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုလျက် ပုံနှိပ်ဖြန့်ချိခဲ့ပြီး၊ ယခုတစ်ဖန် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ ပုံနှိပ်ဖြန့်ချိလိုက်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်**

# Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict

Adopted and opened for signature, ratification and accession by the General Assembly resolution A/RES/54/263 of 25 May 2000

entry into force on 12 February 2002

The States Parties to the present Protocol,

Encouraged by the overwhelming support for the Convention on the Rights of the Child, demonstrating the widespread commitment that exists to strive for the promotion and protection of the rights of the child,

Reaffirming that the rights of children require special protection, and calling for continuous improvement of the situation of children without distinction, as well as for their development

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်

၂၀၀၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် A/RES/ ၅၄/၂၆၃ ဖြင့် ဤနောက်ဆက်တွဲစာချုပ်ကို အတည်ပြုချမှတ်၍ လက်မှတ်ရေးထိုးရန်၊ အတည်ပြုချုပ်ဆိုရန်နှင့် နောက်မှပါဝင်ချုပ်ဆိုရန် ဖွင့်လှစ်ခဲ့သည်။
၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အာဏာသက်ဝင်သည်။

ဤနောက်ဆက်တွဲ စာချုပ်ဝင်နိုင်ငံများသည် -

ကလေးသူငယ်များ၏ အခွင့်အရေးအား မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ကြိုးပမ်းအားထုတ်သွားရန် ထားရှိသည့် ကျယ်ကျယ်ပြန့်ပြန့် ကတိကဝတ်ပြုမှုကို ထုတ်ဖော်ပြသခြင်းအားဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အား သောင်းသောင်းဖြဖြ ထောက်ခံမှုအပေါ် အားတက်မိသဖြင့်လည်းကောင်း၊

ကလေးသူငယ်များ၏ အခွင့်အရေးအဖြစ် အထူးကာကွယ်စောင့်ရှောက်မှု လိုအပ်သည်ကို ထပ်မံအတည်ပြု၍ ခွဲခြားမှု မရှိစေဘဲ ကလေးသူငယ်များ၏အခြေအနေ ဆက်လက်တိုးတက်စေရန် ငြိမ်းချမ်းလုံခြုံသည့်

and education in conditions of peace and security,

Disturbed by the harmful and widespread impact of armed conflict on children and the long-term consequences this has for durable peace, security and development,

Condemning the targeting of children in situations of armed conflict and direct attacks on objects protected under international law, including places generally having a significant presence of children, such as schools and hospitals,

Noting the adoption of the Statute of the International Criminal Court and, in particular, its inclusion as a war crime of conscripting or enlisting children under the age of 15 years or using them to participate actively in hostilities in both international and non-international armed conflicts,

အခြေအနေတွင် ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုနှင့် ပညာရေးတို့အတွက် တောင်းဆို၍လည်းကောင်း၊

ကလေးသူငယ်များအပေါ် လက်နက်ကိုင်ပဋိပက္ခများ၏ ထိခိုက်နစ်နာစေသော များပြားလှသည့် သက်ရောက်မှုများနှင့် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ယင်းတို့၏ ရေရှည်အကျိုးဆက်များကို စိုးရိမ်ပူပန်သဖြင့်လည်းကောင်း၊

လက်နက်ကိုင်ပဋိပက္ခ အခြေအနေများတွင် ကလေးသူငယ်များအား ပစ်မှတ်ထားခြင်းအပြင် စာသင်ကျောင်းများနှင့် ဆေးရုံများကဲ့သို့သော ကလေးသူငယ်များ အများဆုံးရှိသည့် နေရာများအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေအရ အကာအကွယ်ပေးထားသည့် နေရာဒေသများအား တိုက်ရိုက်တိုက်ခိုက်မှုတို့ကို ပြစ်တင်ရှုတ်ချ၍လည်းကောင်း၊

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ ဥပဒေအတည်ပြု ပြဋ္ဌာန်းခြင်းကို အသိအမှတ်ပြုလျက် အထူးသဖြင့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခ နှစ်ရပ်လုံးတွင် စစ်မက်ဖြစ်ပွားမှုများ၌ တက်ကြွစွာ ပါဝင်ရန် အသက် ၁၅ နှစ်အောက် ကလေးသူငယ်များအား စစ်မှု မထမ်းမနေရ စစ်မှုထမ်းစေခြင်း သို့မဟုတ် စစ်မှုထမ်းရန် စုဆောင်း

Considering, therefore, that to strengthen further the implementation of rights recognized in the Convention on the Rights of the Child there is a need to increase the protection of children from involvement in armed conflict,

Noting that article 1 of the Convention on the Rights of the Child specifies that, for the purposes of that Convention, a child means every human being below the age of 18 years unless, under the law applicable to the child, majority is attained earlier,

Convinced that an optional protocol to the Convention raising the age of possible recruitment of persons into armed forces and their participation in hostilities will contribute effectively to the implementation of the principle that the best interests of the

ခြင်း သို့မဟုတ် ကလေးသူငယ်များအား အသုံးချခြင်းတို့ကို စစ်ရာဇဝတ်မှု တစ်ရပ်အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားသည်ကို ဂရုပြုမိ၍လည်းကောင်း၊

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် အသိအမှတ်ပြုထားသည့် အခွင့်အရေးများအား အကောင်အထည်ဖော်ရေး ပိုမိုအားကောင်းလာစေရန်မှာ လက်နက်ကိုင် ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်ခြင်းကို ကာကွယ်မှု တိုးမြှင့်ရန် လိုအပ်ကြောင်း ထည့်သွင်းစဉ်းစား၍လည်းကောင်း၊

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁ အရ ဖွင့်ဆိုထားသော အဆိုပါသဘောတူစာချုပ်၏ ရည်ရွယ်ချက်များ အလို့ငှာ ကလေးသူငယ် ဆိုသည်မှာ ကလေးသူငယ်နှင့် သက်ဆိုင်သော ဥပဒေအရ ဆောလျင်စွာ အရွယ်ရောက်ခြင်း မရှိလျှင် အသက် ၁၈ နှစ်အောက်ရှိ လူတိုင်းကို ကလေးသူငယ်အဖြစ် ဆိုလိုသည်ဟူသော အတိအကျ ပြဋ္ဌာန်းချက်ကို အသိအမှတ်ပြု၍လည်းကောင်း၊

လက်နက်ကိုင်တပ်ဖွဲ့များတွင် တပ်ဖွဲ့ဝင် တပ်သားသစ်များ စုဆောင်းမှုနှင့် စစ်မက်ဖြစ်ပွားမှုများတွင် ကလေးသူငယ်များ ပါဝင်မှုတို့အတွက် အသက်အရွယ် တတ်နိုင်သမျှ တိုးမြှင့်ကန့်သတ်ပေးသည့် နောက်ဆက်တွဲ စာချုပ်တစ်ရပ်သည် ကလေးသူငယ်များဆိုင်ရာ လုပ်ဆောင်မှုများ အားလုံး

child are to be a primary consideration in all actions concerning children,

Noting that the twenty-sixth international Conference of the Red Cross and Red Crescent in December 1995 recommended, *inter alia*, that parties to conflict take every feasible step to ensure that children under the age of 18 years do not take part in hostilities,

Welcoming the unanimous adoption, in June 1999, of International Labour Organization Convention No. 182 on the Prohibition and Immediate Action for the Elimination of the Worst Forms of Child Labour, which prohibits, *inter alia*, forced or compulsory recruitment of children for use in armed conflict,

၌ ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို အဓိက အလေးထားသည်ဆိုသော မူအား အကောင်အထည်ဖော်ရေးကို ထိရောက်စွာ အထောက်အကူပြုစေနိုင်သည်ဟု ယုံကြည်၍လည်းကောင်း၊

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ၌ ကျင်းပခဲ့သော ကြက်ခြေနီနှင့် လခြမ်းနီ၏ (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာညီလာခံသည် အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ စစ်မက်ဖြစ်ပွားမှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိစေရန် ပဋိပက္ခဖြစ်ပွားနေသည့် စာချုပ်ဝင်နိုင်ငံများအနေဖြင့် ဖြစ်နိုင်ခြေရှိသည့် ဆောင်ရွက်မှုတိုင်း ဆောင်ရွက်စေရန် အကြံပြု ထောက်ခံခဲ့သည်ကို အသိအမှတ်ပြု၍လည်းကောင်း၊

လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုရန် ကလေးသူငယ်များအား အတင်းအကြပ် သို့မဟုတ် မပါမနေရ စုဆောင်းခြင်းအား တားမြစ်သည့် ကလေးလုပ်သား စေခိုင်းမှု အဆိုးရွားဆုံး ပုံစံများ ပပျောက်စေရေးအတွက် တားမြစ်ပိတ်ပင်မှုနှင့် ချက်ချင်းအရေးယူ ဆောင်ရွက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ သဘောတူစာချုပ်အမှတ် ၁၈၂ အား ၁၉၉၉ ခုနှစ်၊ ဇွန်လတွင် တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ကြသည်ကို ကြိုဆို၍ လည်းကောင်း၊

Condemning with the gravest concern the recruitment, training and use within and across national borders of children in hostilities by armed groups distinct from the armed forces of a State, and recognizing the responsibility of those who recruit, train and use children in this regard,

Recalling the obligation of each party to an armed conflict to abide by the provisions of international humanitarian law,

Stressing that this Protocol is without prejudice to the purposes and principles contained in the Charter of the United Nations, including Article 51, and relevant norms of humanitarian law,

Bearing in mind that conditions of peace and security based on full respect of the purposes and principles contained in the

နိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့များ မဟုတ်သော အခြားလက်နက်ကိုင်အုပ်စုများ၏ ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်၍ စစ်မက်ဖြစ်ပွားမှုများတွင် ကလေးသူငယ်များအား တပ်သားသစ် စုဆောင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အသုံးချခြင်းတို့ကို အထူးစိုးရိမ် ပူပန်စွာဖြင့် ရှုတ်ချ၍လည်းကောင်း၊ ယင်းနှင့်စပ်လျဉ်း၍ ထိုသို့ ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အသုံးချခြင်း ဆောင်ရွက်သူတို့၏ တာဝန်ရှိမှုကို အသိအမှတ်ပြု၍လည်းကောင်း၊

လက်နက်ကိုင် ပဋိပက္ခ တစ်ခုတွင် ပါဝင်သည့် နိုင်ငံအသီးသီးမှ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိကြောင်းကို ပြန်လည်အမှတ်ရသဖြင့်လည်းကောင်း၊

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် ၅၁ အပါအဝင် ရည်ရွယ်ချက်များ၊ အခြေခံမှုများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေပါ သက်ဆိုင်ရာ စံချိန်စံညွှန်းများကို ဤနောက်ဆက်တွဲစာချုပ်က ထိပါးမှုမရှိစေရကြောင်းကို အလေးထား၍လည်းကောင်း၊

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များ၊ အခြေခံမှုများ အပေါ် အပြည့်အဝ လေးစားမှုနှင့် သက်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ

Charter and observance of applicable human rights instruments are indispensable for the full protection of children, in particular during armed conflicts and foreign occupation,

Recognizing the special needs of those children who are particularly vulnerable to recruitment or use in hostilities contrary to this Protocol owing to their economic or social status or gender,

Mindful of the necessity of taking into consideration the economic, social and political root causes of the involvement of children in armed conflicts,

Convinced of the need to strengthen international cooperation in the implementation of this Protocol, as well as the physical and psychosocial rehabilitation and social reintegration of children who are victims of armed conflict,

စာချုပ်များကို လိုက်နာမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အခြေအနေများသည် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်ပမှ ကျူးကျော်သိမ်းပိုက်လာသည့် ကာလအတွင်း ကလေးသူငယ်များအား အပြည့်အဝ အကာအကွယ်ပေးရန်အတွက် မရှိမဖြစ် အရေးပါကြောင်းကို မှတ်ယူ၍လည်းကောင်း၊

ကလေးသူငယ်များ၏ စီးပွားရေး သို့မဟုတ် လူမှုရေးအခြေအနေ သို့မဟုတ် ကျား/ မ အနေအထားကြောင့် ဤနောက်ဆက်တွဲစာချုပ်အား ဆန့်ကျင်လျက် စစ်မက်ဖြစ်ပွားမှုများတွင် တပ်သားသစ် စုဆောင်းခံရခြင်း သို့မဟုတ် အသုံးချခြင်း ခံရသည့် ထိခိုက်လွယ်သော ကလေးသူငယ်များ၏ အထူးလိုအပ်ချက်များကို အသိအမှတ်ပြု၍လည်းကောင်း၊

လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှု၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခြေခံ အကြောင်းရင်းများအား ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း သတိပြုမိကြ၍လည်းကောင်း၊

ဤနောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် လိုအပ်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခကြောင့် နစ်နာခဲ့သည့် ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုဝန်းကျင်သို့ ပြန်လည်

Encouraging the participation of the community and, in particular, children and child victims in the dissemination of informational and educational programmes concerning the implementation of the Protocol,

Have agreed as follows:

**Article 1**

States Parties shall take all feasible measures to ensure that members of their armed forces who have not attained the age of 18 years do not take a direct part in hostilities.

**Article 2**

States Parties shall ensure that persons who have not attained the age of 18 years are not compulsorily recruited into their armed forces.

ဝင်ဆံ့စေခြင်းတို့သည်လည်း လိုအပ်သည်ဟု ယုံကြည်၍လည်းကောင်း၊

နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် ပညာရေးအစီအစဉ်များ ဖြန့်ဝေရေးတွင် အထူးသဖြင့် ကလေးသူငယ်များနှင့် နစ်နာသူ ကလေးသူငယ်များ အပါအဝင် လူမှုအသိုက်အဝန်း ပူးပေါင်းပါဝင်မှုအား အားပေးတိုက်တွန်း၍လည်းကောင်း၊

အောက်ပါအတိုင်း သဘောတူညီကြသည် -

**အပိုဒ် ၁**

စာချုပ်ဝင်နိုင်ငံများသည် ယင်းတို့ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အသက် ၁၈ နှစ် မပြည့်သေးသည့် အဖွဲ့ဝင်များသည် စစ်မက်ဖြစ်ပွားမှုများတွင် တိုက်ရိုက်ပါဝင် ပတ်သက်ခြင်း မရှိကြောင်း သေချာစေရန် ဖြစ်နိုင်ခြေရှိသော ဆောင်ရွက်ချက်များ အားလုံးကို ဆောင်ရွက်ရမည်။

**အပိုဒ် ၂**

စာချုပ်ဝင်နိုင်ငံများသည် ယင်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် အသက် ၁၈ နှစ်အောက် ပုဂ္ဂိုလ်များအား မဖြစ်မနေ စုဆောင်းခြင်း မပြုမိစေရန် ဆောင်ရွက်ရမည်။

**Article 3**

1. States Parties shall raise the minimum age for the voluntary recruitment of persons into their national armed forces from that set out in article 38, paragraph 3, of the Convention on the Rights of the Child, taking account of the principles contained in that article and recognizing that under the Convention persons under 18 are entitled to special protection.

2. Each State Party shall deposit a binding declaration upon ratification of or accession to this Protocol that sets forth the minimum age at which it will permit voluntary recruitment into its national armed forces and a description of the safeguards that it has adopted to ensure that such recruitment is not forced or coerced.

**အပိုဒ် ၃**

၁။ သဘောတူစာချုပ်အရ အသက် ၁၈ နှစ်အောက်ရှိသူများသည် အထူးအကာအကွယ် ခံစားပိုင်ခွင့်ရှိသည်ကို အသိအမှတ်ပြု၍ စာချုပ်ဝင်နိုင်ငံများသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၃၈ ပါ အခြေခံမူများအား ထည့်သွင်းစဉ်းစားလျက် ယင်းသဘောတူစာချုပ်၏ အပိုဒ် ၃၈၊ အပိုဒ်ခွဲ ၃ ၌ သတ်မှတ်ဖော်ပြထားသည့် အသက်မှ ပြည်တွင်းလက်နက်ကိုင်တပ်ဖွဲ့များသို့ မိမိတို့ ဆန္ဒအလျောက် တပ်သားသစ် စုဆောင်းမှုတွင် အနိမ့်ဆုံးအသက်သို့ တိုးမြှင့်သတ်မှတ်ရမည်။

၂။ စာချုပ်ဝင်နိုင်ငံအသီးသီးသည် ယင်းတို့၏ အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များသို့ တပ်သားစုဆောင်းမှုတွင် မိမိဆန္ဒအလျောက် ပါဝင်ခွင့်ပြုသည့် အနိမ့်ဆုံးအသက် သတ်မှတ်ပေးသည့် ဤနောက်ဆက်တွဲစာချုပ်သို့ အတည်ပြုပါဝင်လက်မှတ်ရေးထိုးသည့် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသည့် အချိန်တွင် စည်းနှောင်မှုရှိသည့် ကြေညာချက် တစ်ရပ်နှင့် ထိုသို့တပ်သားစုဆောင်းခြင်းသည် အင်အားသုံးခြင်း၊ အတင်းအဓမ္မပြုခြင်း မရှိသည်ကို သေချာစေရန် ချမှတ်ထားသည့် တားဆီးကာကွယ်မှုများဆိုင်ရာ ဖော်ပြချက်တစ်ရပ်တို့ကို အပ်နှံရမည်။

3. States Parties that permit voluntary recruitment into their national armed forces under the age of 18 shall maintain safeguards to ensure, as a minimum, that:

(a) Such recruitment is genuinely voluntary;

(b) Such recruitment is done with the informed consent of the person’s parents or legal guardians;

(c) Such persons are fully informed of the duties involved in such military service;

(d) Such persons provide reliable proof of age prior to acceptance into national military service.

၃။ မိမိနိုင်ငံ၏ အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ တပ်သားသစ် စုဆောင်းခြင်းတွင် အသက် ၁၈ နှစ်အောက် အရွယ်အား ဆန္ဒအလျောက် ပါဝင်ခွင့်ပြုသည့် စာချုပ်ဝင်နိုင်ငံများသည် အနိမ့်ဆုံးအဖြစ် အောက်ဖော်ပြပါ တားဆီးကာကွယ်မှုများကို ထိန်းသိမ်းထားရှိရမည် -

(က) ယင်းတပ်သားသစ် စုဆောင်းခြင်းသည် အမှန်တကယ် ဆန္ဒအလျောက် ပါဝင်မှုပြုခြင်း ဖြစ်ရမည်။

(ခ) ယင်းတပ်သားသစ် စုဆောင်းခြင်းကို မိဘများ သို့မဟုတ် ဥပဒေအရ အုပ်ထိန်းသူများ၏ နားလည်သဘောတူညီမှုဖြင့်သာ ပြုလုပ်ရမည်။

(ဂ) ယင်းပုဂ္ဂိုလ်များအား ယင်းသို့ စစ်မှုထမ်းရာတွင် ပါဝင်နေသည့် ဝတ္တရားများကို အပြည့်အဝ အသိပေးထားရမည်။

(ဃ) ယင်းပုဂ္ဂိုလ်များသည် နိုင်ငံ့စစ်မှုထမ်းခြင်းကို လက်ခံခြင်း မပြုမီ အသက်နှင့် စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထား တင်ပြရမည်။

4. Each State Party may strengthen its declaration at any time by notification to that effect addressed to the Secretary-General of the United Nations, who shall inform all States Parties. Such notification shall take effect on the date on which it is received by the Secretary-General.

5. The requirement to raise the age in paragraph 1 of the present article does not apply to schools operated by or under the control of the armed forces of the States Parties, in keeping with articles 28 and 29 of the Convention on the Rights of the Child.

**Article 4**

1. Armed groups that are distinct from the armed forces of a State should not, under any circumstances, recruit or use in hostilities persons under the age of 18 years.

၄။ စာချုပ်ဝင်နိုင်ငံအသီးသီးသည် ၎င်း၏ကြေညာချက်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ လိပ်မူလျက် မည်သည့်အချိန်တွင် မဆို အကြောင်းကြားပြီး အာဏာသက်ရောက်မှု ရှိစေနိုင်ပါသည်။ ကုလ သမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ယင်းအကြောင်းကြားချက်ကို စာချုပ်ဝင်နိုင်ငံ အားလုံးသို့ အသိပေးရမည်။ ယင်းအကြောင်းကြားမှုသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က လက်ခံရရှိသည့် နေ့ရက်မှ စတင်၍ အာဏာသက်ရောက်မှုရှိရမည်။

၅။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၂၈ နှင့် အပိုဒ် ၂၉ နှင့်အညီ စာချုပ်ဝင်နိုင်ငံများရှိ လက်နက်ကိုင် တပ်ဖွဲ့ များ၏ ထိန်းချုပ်မှုအောက် သို့မဟုတ် ထိန်းချုပ်မှုဖြင့် ဖွင့်လှစ်ဆောင်ရွက် လျက်ရှိသော စာသင်ကျောင်းများအတွက် လက်ရှိအပိုဒ်၏ အပိုဒ်ခွဲ ၁ ပါ အသက်တိုးမြှင့်ရန် လိုအပ်ချက်မှာ အကျုံးဝင်မှု မရှိပါ။

**အပိုဒ် ၄**

၁။ နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များ မဟုတ်သော လက်နက်ကိုင် အုပ်စုများသည် မည်သည့် အခြေအနေမျိုးတွင်မဆို အသက် ၁၈ နှစ် အောက် ပုဂ္ဂိုလ်များကို တပ်သားသစ် စုဆောင်းခြင်း သို့မဟုတ် စစ်မက် ဖြစ်ပွားမှုများတွင် အသုံးချခြင်းတို့ မပြုလုပ်ရပါ။

2. States Parties shall take all feasible measures to prevent such recruitment and use, including the adoption of legal measures necessary to prohibit and criminalize such practices.

3. The application of the present article under this Protocol shall not affect the legal status of any party to an armed conflict.

**Article 5**

Nothing in the present Protocol shall be construed as precluding provisions in the law of a State Party or in international instruments and international humanitarian law that are more conducive to the realization of the rights of the child.

၂။ စာချုပ်ဝင်နိုင်ငံများသည် ယင်းတပ်သားသစ် စုဆောင်းမှုနှင့် အသုံးချမှုတို့ကို ဟန့်တားရန်နှင့် ယင်းသို့ ဆောင်ရွက်ခြင်းများသည် ပြစ်မှုမြောက်ကြောင်းနှင့် ယင်းတို့ကို တားမြစ်ကြောင်း လိုအပ်သော ဥပဒေရေးရာအစီအမံများ ချမှတ်ခြင်းအပါအဝင် ဖြစ်နိုင်ခြေရှိသော ဆောင်ရွက်ချက်များ အားလုံးကို ဆောင်ရွက်ရမည်။

၃။ ဤနောက်ဆက်တွဲစာချုပ်အရ ဤအပိုဒ်အား ကျင့်သုံးခြင်းသည် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားမှုတွင် ပါဝင်သော စာချုပ်ဝင်နိုင်ငံ၏ ဥပဒေအရ ရပ်တည်မှုအပေါ် ထိခိုက်မှု မရှိစေရ။

**အပိုဒ် ၅**

ဤနောက်ဆက်တွဲစာချုပ်ပါ မည်သည့်အချက်ကမျှ ကလေးသူငယ်အခွင့်အရေးများ နားလည်သိရှိစေရေးကို ပိုမို အထောက်အကူပြုမှုရှိသော စာချုပ်ဝင်နိုင်ငံ၏ ဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအား ပိတ်ပင်တားဆီးသည့် သဘောမျိုး အဓိပ္ပာယ် မသက်ရောက်စေရပါ။

**Article 6**

1. Each State Party shall take all necessary legal, administrative and other measures to ensure the effective implementation and enforcement of the provisions of this Protocol within its jurisdiction.

2. States Parties undertake to make the principles and provisions of the present Protocol widely known and promoted by appropriate means, to adults and children alike.

3. States Parties shall take all feasible measures to ensure that persons within their jurisdiction recruited or used in hostilities contrary to this Protocol are demobilized or otherwise released from service. States Parties shall, when necessary, accord to these persons all appropriate assistance for their physical and psychological recovery and their social reintegration.

**အပိုဒ် ၆**

၁။ စာချုပ်ဝင်နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ စီရင်ပိုင်ခွင့်အတွင်း ဤနောက်ဆက်တွဲစာချုပ်ပါ ပြဋ္ဌာန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်မှုနှင့် အာဏာသက်ရောက်မှုကို သေချာစေရန် လိုအပ်သော ဥပဒေပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် အခြားအစီအမံများကို ဆောင်ရွက်ရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် ဤနောက်ဆက်တွဲစာချုပ်ပါ အခြေခံမှုများနှင့် ပြဋ္ဌာန်းချက်များကို အရွယ်ရောက်သူများနှင့် ကလေးသူငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်နှင့် မြှင့်တင်ရန် သင့်လျော်သော နည်းလမ်းများဖြင့် တာဝန်ယူဆောင်ရွက်ရမည်။

၃။ စာချုပ်ဝင်နိုင်ငံများသည် ဤနောက်ဆက်တွဲစာချုပ်ကို ဆန့်ကျင်လျက် စစ်မက်ဖြစ်ပွားမှုများတွင် မိမိတို့၏ စီရင်ပိုင်ခွင့်အတွင်း တပ်သားသစ် စုဆောင်းခြင်း သို့မဟုတ် အသုံးချခြင်း ခံရသော ပုဂ္ဂိုလ်များအား စစ်မှုထမ်းအဖြစ်မှ ထွက်ခွင့်ပြုရန် သို့မဟုတ် အခြားနည်းအားဖြင့် တာဝန်ထမ်းဆောင်ခြင်းမှ ရပ်နားခွင့်ပြုရန် ဖြစ်နိုင်သောနည်းလမ်းများ အားလုံးကို ဆောင်ရွက်ရမည်။ စာချုပ်ဝင်နိုင်ငံများသည် လိုအပ်သည့်အခါ ယင်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်လာမှုနှင့် လူမှုရေးပြန်လည်ပေါင်းစည်းမှုအတွက် သင့်လျော်သော အထောက်အပံ့ အားလုံး

**Article 7**

1. States Parties shall cooperate in the implementation of the present Protocol, including in the prevention of any activity contrary to the Protocol and in the rehabilitation and social reintegration of persons who are victims of acts contrary to this Protocol, including through technical cooperation and financial assistance. Such assistance and cooperation will be undertaken in consultation with concerned States Parties and relevant international organizations.

2. States Parties in a position to do so shall provide such assistance through existing multilateral, bilateral or other programmes, or, *inter alia*, through a voluntary fund established in accordance with the rules of the General Assembly.

ကို အဆိုပါပုဂ္ဂိုလ်များသို့ ပေးအပ်ရမည်။

**အပိုဒ် ၇**

၁။ စာချုပ်ဝင်နိုင်ငံများသည် ဤနောက်ဆက်တွဲစာချုပ်ကို ဆန့်ကျင်သည့် ပြုမူချက်ကို တားဆီးကာကွယ်ရေး၊ နစ်နာသူများကို ပြန်လည်ထူထောင်ရေးနှင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ပေါင်းစည်းရေးတို့အပါအဝင် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ဖြင့် ဤနောက်ဆက်တွဲစာချုပ်အား အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရမည်။ ထိုကဲ့သို့သော အထောက်အပံ့ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံများ၊ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂။ ဆောင်ရွက်နိုင်သည့် အခြေအနေရှိ စာချုပ်ဝင်နိုင်ငံများသည် တည်ဆဲနိုင်ငံစုံ၊ နှစ်နိုင်ငံချင်း သို့မဟုတ် အခြားသော အစီအစဉ်များမှ တစ်ဆင့် သို့မဟုတ် အခြားနည်းလမ်းများအနက် ကုလသမဂ္ဂအထွေထွေ ညီလာခံ၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ မတည်ထားသည့် ဆန္ဒအလျောက် ထည့်ဝင်သည့် ရန်ပုံငွေမှတစ်ဆင့် ယင်းအထောက်အပံ့များကို ပေးအပ်ရမည်။

**Article 8**

1. Each State Party shall submit, within two years following the entry into force of the Protocol for that State Party, a report to the Committee on the Rights of the Child providing comprehensive information on the measures it has taken to implement the provisions of the Protocol, including the measures taken to implement the provisions on participation and recruitment.

2. Following the submission of the comprehensive report, each State Party shall include in the reports they submit to the Committee on the Rights of the Child, in accordance with article 44 of the Convention, any further information with respect to the implementation of the Protocol. Other States Parties to the Protocol shall submit a report every five years.

**အပိုဒ် ၈**

၁။ စာချုပ်ဝင်နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံအလိုက် ဤနောက်ဆက်တွဲစာချုပ် အာဏာသက်ဝင်ပြီးနောက် နှစ်နှစ်အတွင်း အစီရင်ခံစာတစ်စောင်အား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီသို့ တင်သွင်းရမည်။ တပ်သားသစ် စုဆောင်းခြင်း၊ ပါဝင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ဆောင်ရွက်မှုများအပါအဝင် နောက်ဆက်တွဲစာချုပ်၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများပါသည့် ပြည့်စုံသော သတင်းအချက်အလက်ကို ထည့်သွင်းဖော်ပြရမည်။

၂။ အဆိုပါ ပြီးပြည့်စုံသော အစီရင်ခံစာ တင်သွင်းပြီးနောက်၊ စာချုပ်ဝင်နိုင်ငံအသီးသီးသည် သဘောတူစာချုပ်၏ အပိုဒ် ၄၄ နှင့်အညီ နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သော နောက်ထပ် မည်သည့် သတင်းအချက်အလက်ကိုမဆို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီသို့ တင်သွင်းသည့် အစီရင်ခံစာများတွင် ထည့်သွင်းရမည်။ နောက်ဆက်တွဲစာချုပ်၏ အခြားစာချုပ်ဝင်နိုင်ငံများသည် ငါးနှစ် တစ်ကြိမ် အစီရင်ခံစာ တင်သွင်းရမည်။

3. The Committee on the Rights of the Child may request from States Parties further information relevant to the implementation of this Protocol.

**Article 9**

1. The present Protocol is open for signature by any State that is a party to the Convention or has signed it.

2. The present Protocol is subject to ratification and is open to accession by any State. Instruments of ratification or accession shall be deposited with the Secretary-General of the United Nations.

3. The Secretary-General, in his capacity as depositary of the Convention and the Protocol, shall inform all States Parties to the Convention and all States that have signed the Convention of each instrument of declaration pursuant to article 13.

၃။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသည် ဤနောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်မှုနှင့် ဆက်နွယ်သည့် ထပ်မံရရှိသော သတင်းအချက်အလက်များအား စာချုပ်ဝင်နိုင်ငံများထံမှ တောင်းခံနိုင်သည်။

**အပိုဒ် ၉**

၁။ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် ယင်းသဘောတူစာချုပ်သို့ လက်မှတ်ရေးထိုးထားသည့် မည်သည့်နိုင်ငံမဆို ဤနောက်ဆက်တွဲစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခွင့် ရှိစေရမည်။

၂။ မည်သည့်နိုင်ငံမဆို ဤနောက်ဆက်တွဲစာချုပ်ကို အတည်ပြုချုပ်ဆိုနိုင်ခွင့်နှင့် နောက်မှပါဝင်ချုပ်ဆိုနိုင်ခွင့် ရှိစေရမည်။ အတည်ပြုချုပ်ဆိုခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းဆိုင်ရာ စာချွန်လွှာများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ အပ်နှံရမည်။

၃။ အထွေထွေအတွင်းရေးမှူးချုပ်သည် သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်တို့ကို လက်ခံထိန်းသိမ်းရသူအဖြစ် အပ်နှင်းသော မိမိ၏ လုပ်ပိုင်ခွင့်အရ အပိုဒ် ၁၃ နှင့်အညီ စာချုပ်ဝင်နိုင်ငံ အားလုံးနှင့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများ အားလုံးသို့ ကြေညာချက်တစ်ခုစီကို အကြောင်းကြားရမည်။

**Article 10**

1. The present Protocol shall enter into force three months after the deposit of the tenth instrument of ratification or accession.

2. For each State ratifying the present Protocol or acceding to it after its entry into force, the present Protocol shall enter into force one month after the date of the deposit of its own instrument of ratification or accession.

**Article 11**

1. Any State Party may denounce the present Protocol at any time by written notification to the Secretary-General of the United Nations, who shall thereafter inform the other States Parties to the Convention and all States that have signed the Convention. The denunciation shall take effect one year after the date of receipt of the notification by the Secretary-General. If, however, on the expiry of that year the denouncing State Party

## အပိုဒ် ၁၀

၁။ ဤနောက်ဆက်တွဲစာချုပ်သည် အတည်ပြုချုပ်ဆိုသည့် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသည့် တစ်ဆယ်ခုမြောက် စာချွန်လွှာကို အပ်နှံပြီး နောက် သုံးလပြည့်သောနေ့တွင် အာဏာစတင်သက်ရောက်ရမည်။

၂။ ထိုသို့ အာဏာသက်ရောက်မှု ရှိပြီးနောက် ဤနောက်ဆက်တွဲ စာချုပ်ကို အတည်ပြုချုပ်ဆိုခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်း ပြုသည့် နိုင်ငံအသီးသီးအတွက် ယင်းတို့၏ အတည်ပြုချုပ်ဆိုမှု သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုမှု စာချွန်လွှာအား အပ်နှံသည့်နေ့မှ တစ်လပြည့် မြောက်သောနေ့တွင် ဤနောက်ဆက်တွဲစာချုပ်မှာ အာဏာသက်ရောက် ရမည်။

## အပိုဒ် ၁၁

၁။ မည်သည့်စာချုပ်ဝင်နိုင်ငံမဆို ကုလသမဂ္ဂအထွေထွေအတွင်းရေး မှူးချုပ်ထံသို့ စာဖြင့် အကြောင်းကြားစာ ပေးခြင်းအားဖြင့် ဤနောက် ဆက်တွဲစာချုပ်ကို အချိန်မရွေး ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် သဘောတူစာချုပ်ဝင် အခြားနိုင်ငံ များနှင့် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးထားသော နိုင်ငံအားလုံး သို့ အသိပေးအကြောင်းကြားရမည်။ အထွေထွေအတွင်းရေးမှူးချုပ်က အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ တစ်နှစ်ပြည့်မြောက်သော

is engaged in armed conflict, the denunciation shall not take effect before the end of the armed conflict.

2. Such a denunciation shall not have the effect of releasing the State Party from its obligations under the present Protocol in regard to any act that occurs prior to the date on which the denunciation becomes effective. Nor shall such a denunciation prejudice in any way the continued consideration of any matter that is already under consideration by the Committee prior to the date on which the denunciation becomes effective.

**Article 12**

1. Any State Party may propose an amendment and file it with the Secretary-General of the United Nations. The Secretary-General shall thereupon communicate the proposed amendment to States Parties, with a request that they indicate

နေ့တွင် ပျက်ပြယ်ခြင်းသည် အတည်ဖြစ်စေရမည်။ သို့သော် ပျက်ပြယ်ကြောင်း ကြေညာသည့် စာချုပ်ဝင်နိုင်ငံအနေဖြင့် တစ်နှစ်ပြည့်မြောက်ခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေပါက၊ ယင်းလက်နက်ကိုင်ပဋိပက္ခ မချုပ်ငြိမ်းမီ ပျက်ပြယ်ကြောင်း ကြေညာခြင်းသည် အကျိုးသက်ရောက်ခြင်း မရှိစေရ။

၂။ ပျက်ပြယ်မှု အတည်ဖြစ်သည့် နေ့ရက်မတိုင်မီ ဖြစ်ပွားသည့် လုပ်ရပ်တစ်ခုနှင့် စပ်လျဉ်း၍ စာချုပ်ဝင်နိုင်ငံသည် ဤနောက်ဆက်တွဲစာချုပ်ပါ ၎င်း၏ ဝတ္တရားများမှ ကင်းလွတ်စေနိုင်သည့် အကျိုးသက်ရောက်မှု မရှိစေရ။ ပျက်ပြယ်မှု အတည်ဖြစ်သည့် နေ့ရက် မတိုင်မီ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီမှ စဉ်းစားသုံးသပ်နေပြီဖြစ်သော မည်သည့်ကိစ္စရပ်ကိုမဆို ဆက်လက်စဉ်းစား ဆောင်ရွက်သည့်အပေါ် မည်သည့်နည်းနှင့်မျှ ထိခိုက်ခြင်း မရှိစေရ။

**အပိုဒ် ၁၂**

၁။ မည်သည့်စာချုပ်ဝင်နိုင်ငံမဆို နောက်ဆက်တွဲစာချုပ်အား ပြင်ဆင်ခြင်းကို အဆိုပြုနိုင်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တင်သွင်းနိုင်သည်။ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် စာချုပ်ဝင်နိုင်ငံများက အဆိုပြုချက်များအပေါ် စဉ်းစားသုံးသပ်ရန်နှင့် မဲခွဲဆုံးဖြတ်ရန်

whether they favour a conference of States Parties for the purpose of considering and voting upon the proposals. In the event that, within four months from the date of such communication, at least one third of the States Parties favour such a conference, the Secretary-General shall convene the conference under the auspices of the United Nations. Any amendment adopted by a majority of States Parties present and voting at the conference shall be submitted to the General Assembly for approval.

2. An amendment adopted in accordance with paragraph 1 of the present article shall enter into force when it has been approved by the General Assembly of the United Nations and accepted by a two-thirds majority of States Parties.

3. When an amendment enters into force, it shall be binding on those States Parties that have accepted it, other States Parties still being bound by the provisions of the present Protocol and any earlier amendments that they have accepted.

ရည်ရွယ်လျက် စာချုပ်ဝင်နိုင်ငံများ ညီလာခံ တစ်ရပ် ကျင်းပရန် ဆန္ဒ ရှိ မရှိ ဖော်ထုတ်ပြသရန် မေတ္တာရပ်ခံချက်နှင့်အတူ စာချုပ်ဝင်နိုင်ငံများထံသို့ အဆိုပြုထားသော ပြင်ဆင်ချက်အား ဆက်သွယ်ပေးပို့ရမည်။ ထိုသို့ ပေးပို့သည့်နေ့ရက်မှ လေးလအတွင်း စာချုပ်ဝင်နိုင်ငံများအနက် အနည်းဆုံး သုံးပုံ တစ်ပုံက ညီလာခံ ခေါ်ယူကျင်းပရန် ဆန္ဒရှိလျှင် အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂအဖွဲ့ကြီးမှ ကမကထပြုသည့် ညီလာခံကို ကျင်းပပေးရမည်။ ညီလာခံ တက်ရောက်၍ မဲပေးသည့် စာချုပ်ဝင်နိုင်ငံအများစုမှ အတည်ပြုခဲ့သည့် ပြင်ဆင်ချက်မှန်သမျှကို အတည်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းရမည်။

၂။ ဤအပိုဒ်၏ အပိုဒ်ခွဲ ၁ နှင့်အညီ အတည်ပြုထားသည့် ပြင်ဆင်ချက်တစ်ရပ်သည် ကုလသမဂ္ဂအထွေထွေညီလာခံမှ အတည်ပြုချက်ရရှိပြီး စာချုပ်ဝင်နိုင်ငံများ၏ သုံးပုံ နှစ်ပုံ အများစုက လက်ခံအတည်ပြုပြီးသည့်အခါ အာဏာသက်ရောက်ရမည်။

၃။ ပြင်ဆင်ချက်တစ်ရပ် အာဏာသက်ရောက်သည့်အခါ ယင်းကို လက်ခံခဲ့ကြသော စာချုပ်ဝင်နိုင်ငံများအပေါ် စည်းနှောင်မှုရှိစေရမည်ဖြစ်ပြီး အခြားစာချုပ်ဝင်နိုင်ငံများအပေါ် ဤနောက်ဆက်တွဲစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ၎င်းတို့လက်ခံထားသည့် ယခင်ပြင်ဆင်ချက်များသည် ဆက်လက်စည်းနှောင်မှုရှိသည်။

**Article 13**

1. The present Protocol, of which the Arabic, Chinese, English, French, Russian and Spanish texts are equally authentic, shall be deposited in the archives of the United Nations.

2. The Secretary-General of the United Nations shall transmit certified copies of the present Protocol to all States Parties to the Convention and all States that have signed the Convention.

**အပိုဒ် ၁၃**

၁။ အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်ဘာသာတို့ဖြင့် တူညီသော မူရင်းမှန်များအဖြစ် ရေးသားထားသည့် ဤနောက်ဆက်တွဲ စာချုပ်ကို ကုလသမဂ္ဂ၏မော်ကွန်းတိုက်၌ အပ်နှံထားရှိရမည်ဖြစ်သည်။

၂။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ဤနောက်ဆက်တွဲ စာချုပ်၏ မိတ္တူမှန်များကို သဘောတူစာချုပ်ဝင်နိုင်ငံများနှင့် သဘောတူ စာချုပ်သို့ ပါဝင်လက်မှတ် ရေးထိုးထားသည့်နိုင်ငံများ အားလုံးထံသို့ ပေးပို့ ရမည်။